# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 16 January 2025 ၁၁၇၀၄


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




ပွင့်ဖြူမြို့နယ်အတွင်း မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် စပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို တွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ဧကများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဆန်စပါး စားရေရိက္ခာဖူလုံစေရန်အတွက် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် စပါး ၆၉၉၉၉ ဧကအား ယခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

# ကင်းမွန် အထိအမိကောင်း၍ ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချလျက်ရှိ



ကင်းမွန်များအား အရွယ်အစား ခွဲခြားနေစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ့ပင်လယ်ပြင်တွင် ကင်းမွန် အထိအမိကောင်း၍ ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပဈေးကွက်အထိပါ တင်ပို့ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးမှ သိရသည်။

"ဒီရာသီမှာ ကင်းမွန် အထိအမိကောင်းတယ်။ သုံးလက်မအထက် အရွယ်အစားတွေကို ဟိုတယ်နဲ့ ပြည်ပကိုပို့ပြီး နှစ်လက်မအောက် အရွယ်တွေကို ပြည်တွင်းဈေးကွက်သို့ ပို့ပါတယ်။ ပင်လယ်ပြင်ကနေ ကင်းမွန်အများကြီးရပြီး ဈေးကွက်အဝင်များတဲ့အတွက် ပြည်ပကို ကောင်းကောင်းပို့နိုင်သလို ပြည်တွင်းစားသုံးမှုအတွက်လည်း အဆင်ပြေပါတယ်။ ဆောင်းရာသီ ပင်လယ်ပြင် နှင်းကျချိန်မှာ ကင်းမွန်အမိများတဲ့အတွက် ဒီလကုန်ပိုင်းဆိုရင် ပိုပြီးအဝင်များနိုင်ပါတယ်" ဟု ရွှေပိတောက်ငါးဈေးမှ ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကင်းမွန်အများဆုံး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ


**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၆

**မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH ရုပ်သံလိုင်း MYANSAT ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပ**

စာမျက်နှာ » ၈

**ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၂)**

ဆောင်းပါး

စာမျက်နှာ » ၁၀


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# နိုင်ငံ့စီးပွားတိုးတက်ရေးဆောင်ကြဉ်း ပြည်ထောင်စုကြီးအကျိုးစီးပွားတိုးပွား

ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာဝပြောရေးအတွက် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးအခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာရေးသည် အရေးပါသောအချက် တစ်ချက်ဖြစ်သည်။ နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာပါမှ နိုင်ငံရေးအင်အား၊ လူမှုရေးအနေအထား၊ ကာကွယ်ရေးစွမ်းအားများပါ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွက်အဓိကကျသော စီးပွားရေးစွမ်းအား တိုးတက်ကောင်းမွန်လာစေရန်အတွက် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူသည့် အချိန်မှစ၍ အဓိကကျသည့် နိုင်ငံ့စီးပွားရေးတိုးတက်မြင့်မားလာစေရန်အတွက် နိုင်ငံ၏အဓိကအရင်းအမြစ်များဖြစ်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ MSME စီးပွားရေးလုပ်ငန်းများသည် နိုင်ငံအတွင်း ဖြန့်ကြက်လုပ်ကိုင်နေကြသဖြင့် နိုင်ငံတစ်ဝန်း ဒေသအလိုက် လုပ်ကိုင်ဆောင်ရွက်နေကြသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်မှသာ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြို့ပြဒေသများတွင်သာမက အလှမ်းဝေးသည့် ပြည်နယ်နှင့် ဒေသများတွင်ပါ အခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေဒေသအသီးသီးတွင် ထုတ်လုပ်လျက်ရှိသည့် ကုန်ထုတ်လုပ်ငန်းများ ဈေးကွက်ကျယ်ပြန့်ရေးအတွက် ဒေသအလိုက် ထုတ်ကုန်ပစ္စည်းများကို အဓိကကျသောမြို့ကြီးများတွင် တစုတစည်းတည်း ခင်းကျင်းပြသနိုင်ရန်လိုသည်။ ထုတ်ကုန်ပစ္စည်း ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်းသည် မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝင်တွင်ကျယ်လာရေးအတွက် အရေးပါသောအခင်းအကျင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း ထုတ်ကုန်ပစ္စည်းပြပွဲများကို နိုင်ငံတော်အခမ်းအနားများနှင့် အခါအားလျော်စွာပြုလုပ်သည့် အခင်းအကျင်းများတွင် မကြာခဏပြုလုပ်လေ့ရှိသည်။ ထူးခြားချက်အနေဖြင့် ၂၀၂၅ ခုနှစ် လာမည့်ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပချိန်တွင် MSME စီးပွားရေးလုပ်ငန်းများ၏ ပြပွဲ၊ ပြိုင်ပွဲများကို တစ်ဆက်တည်း ကျင်းပသွားမည်ဟု သိရသည်။ ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဆက်စပ်လျက် နေပြည်တော်၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၏ MSME ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသခြင်း၊ ဒေသအသီးသီးမှ ထုတ်ကုန်ပစ္စည်းအချင်းချင်း ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးနှင့်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားလာစေခြင်းနှင့် ဖွံ့ဖြိုးစေခြင်းကို ရည်ရွယ်၍ MSME ထုတ်ကုန်ပြိုင်ပွဲကြီး ကျင်းပခြင်းအပြင် ဒေသန္တရရိုးရာအစားအစာများကိုလည်း တစ်နေရာတည်း၌ စုံလင်စွာ ထိတွေ့ခံစားနိုင်စေရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် အရင်းအနှီးချေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိသည်။ ထို့ပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်ပြပွဲများ၊ နိုင်ငံတော်အဆင့် ထုတ်ကုန်ပြပွဲများကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိသဖြင့် မိမိတို့ထုတ်ကုန်လုပ်ငန်းအလိုက် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများ ဝင်ရောက်ပြသနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်လိုမည်ဖြစ်သည်။ MSME လုပ်ငန်းများ အောင်မြင်စေရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီပေးမှုများနှင့်အတူ အခြေခံလိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုအရင်းအနှီးများနှင့် နည်းပညာပိုင်းဆိုင်ရာတို့ ပြည့်စုံမှုရှိစေရေး ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရိုင်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ၂၀၂၄ ခုနှစ်အတွင်း မိတ္ထီလာဒေသသို့ရောက်ရှိစဉ် “ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းတာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်းနေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း” အကြံပြုတိုက်တွန်းပြောကြားထားသည်။

သို့ဖြစ်ရာ ဒေသအလိုက်လုပ်ကိုင်ဆောင်ရွက်နေသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်ဖြစ်ထွန်းလာအောင် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြကာ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုမှ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာအောင် တက်ညီလက်ညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ရွှေတောင်မြို့နယ်၌ ဆောင်းဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**ရွှေတောင် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သမဝါယမအသင်းစုက တစ်ကေလျှင် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသည့် မျိုးနှင့် သွင်းအားစုများပံ့ပိုးပေးမှုဖြင့် ဆောင်ရွက်သည့် သမဝါယမအသင်းလေးသင်းမှ အသင်းသား ၄၅ ဦး၏ စိုက်ဧက ၁၈၀ တွင် ဆောင်းဆီထွက်သီးနှံဖြစ်သည့် ရေဆင်း စပ်မျိုးနေကြာ (၁) အား အကောင်အထည်ဖော်စိုက်ပျိုးထားရှိမှုများကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

**၁၅ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၃၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁,၂၇၁ | ၁၀,၁၆၈,၁၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၁၀၄ | ၃၂၇,၇၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၇ | ၅၉,၅၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၃၉၅ | ၇၄၂,၁၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၄ | ၁၂,၈၀၀ |
| EFR | ၁,၇၀၀ | ၁,၆၀၀ | ၁,၄၃၆ | ၂,၃၃၄,၇၀၀ |
| AMATA | ၄,၁၀၀ | ၄,၂၀၀ | ၃၀၂ | ၁,၂၃၈,၄၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၄၈ | ၁၅၄,၂၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၁,၁၄၃ | ၃,၄၈၆,၁၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနား တက်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇန်နဝါရီ ၁၅

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဉာဏ်ထွန်းနှင့် ဒေါက်တာညွန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအဖွဲ့အကြံပေးအဖွဲ့ဝင် စောဒန်နီယယ်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဖတ်ကြားစဉ်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲနှင့် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှပေးအပ်သည့် 50 KW ဆိုလာအစုံ ၁၀၀ နှင့် ကယားပြည်နယ်အတွင်း **စာမျက်နှာ ၄ သို့** ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာအားကစားပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားလူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

❖ စာမျက်နှာ ၃ မှ

တာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ အခြေခံ စားသောက်ကုန်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် DTH စလောင်း အစုံ ၅၀ နှင့် Set Top Box အစုံ ၁၀၀တို့ကိုလည်းကောင်း ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ကျင်းပသည့် ကယားရိုးရာစပါးထောင်း၊ ကယား၊ ကယန်းရိုးရာနပန်းအပါအဝင် ရိုးရာအားကစားပွဲများနှင့် မူကြိုကလေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် တိုင်းရင်းသားလူငယ်များ ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများ အပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယမန်နေ့ကလည်း ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် လှိုင်ကော်မြို့ လောဓမ္မရပ်ကွက်နှင့် ဒေါ်တမရပ်ကွက်ရှိ ဘူတာလမ်း ကတ္တရာကွန်ကရစ် လမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ပြီး ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ် ဖွင့်ပွဲမှတ်တိုင်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကာ တက်ရောက်လာသော တိုင်းရင်းသားရိုးရာ အကအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် လှိုင်ကော်မြို့ တည်ဆောက်ဆဲ သီရိမင်္ဂလာ ဈေးသစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ဈေးသစ် တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးပဒေသာပင်ရန်ပုံငွေကျပ် ၅၅ သိန်း၊ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လက်ခံရယူကြသည်။

ထို့နောက် ဖျားနာဆောင်နှင့် သားဖွားမီးယပ် ဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးကာ လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောက်ကပ်တုသန့်စင်ဌာန၊ ရောဂါရှာဖွေရေးဌာန၊ ကွန်ပျူတာ ဓာတ်မှန်ဌာနနှင့် ဆေးသိုလှောင်ရုံများသို့ လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ပေါ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် ဆန်၊ ဆီ၊ ပဲ၊ ဆား စသောလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**လက်ခံရယူ**

ယင်းနောက် လှိုင်ကော်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသော သာသနိက အဆောက်အအုံများ ပြုပြင်ခြင်း လုပ်ငန်းအတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ၂၃၉ ဒသမ ၀၆၀ သန်းနှင့် လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများအတွက် လှူဒါန်းငွေကျပ် သိန်း ၁၅၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဦးရွှေကြိမ်း တို့က ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ရွှေတောင်ပရိယတ္တိ စာသင်တိုက်အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ရေကြီးမြင့်တက်ခဲ့မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိက အဆောက်အအုံများ ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ကယားပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုပြခန်းများနှင့် ကယားရိုးရာအစားအစာနှင့် အဝတ်အထည် အရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့သည့် လှိုင်ကော်မြို့ လောဓမ္မရပ်ကွက်နှင့် ဒေါ်တမရပ်ကွက်ရှိ ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုအားပေး**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း လှိုင်ကော်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် လူနာတစ်ဦးအား ကြည့်ရှုအားပေးစဉ်။

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်နှင့် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၅**

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ တပ်နယ်ခန်းမ၌ ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်း စွမ်းရည်မြှင့်တင်ရေး၊ တပ်ဖွဲ့လိုက်စွမ်းရည်မြှင့်ရေးတို့အတွက် အမြဲလေ့ကျင့်နေရန်၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံ အရည်အချင်းငါးပါးကို သိရှိနားလည်ပြီး ကျင့်ကြံလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တပ်နယ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသည့် စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ လဟယ်မြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး တပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ဦးမြို့နယ် မြင်းကပါ အထက(ခွဲ)၌ အသိပညာပေး ဟောပြော

**ညောင်ဦး ဇန်နဝါရီ ၁၅**

ကျောင်းသား ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ညောင်ဦးမြို့နယ် မြင်းကပါ အထက(ခွဲ)၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က စာအုပ်စာပေများ လေ့လာဖတ်ရှုရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်မျိုးခိုင်က အစားအသောက်ဘေးကင်းလုံခြုံရေးအတွက် ကုန်အညွှန်းအမှတ်အသားများအကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်၊ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်မျိုးခိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဦးတို့က ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အစားအသောက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုဇော် (ခတု)**




# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရွှေ့ဖုံးမှ**

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၆၉၉၄၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၆၉၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးခဲ့ကာ တစ်ဧကလျှင် စပါး ၈၈ ဒသမ ၂၃ တင်း ထွက်ရှိကြောင်း သိရသည်။

**အသိပညာပေး**

“စပါးရိတ်သိမ်းရာမှာ အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်အောင်၊ ရိတ်သိမ်းပြီး စပါးတွေကို အရည်အသွေးကောင်းမွန်အောင်၊ အမိုးအကာအောက်မှာ စနစ်တကျ သိုလှောင်ထိန်းသိမ်းနိုင်အောင် တောင်သူတွေကို ကွင်းဆင်းအသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ ပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးရာသီနှင့် နွေရာသီ သီးနှံစိုက်ပျိုးကာလတွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နှင့် သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် ဈေးကွက်ရှိပြီး အထွက်နှုန်းကောင်းမွန်သော စပါးမျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်။ ယခုနှစ်တွင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အရည်အသွေးကောင်းသော စပါးများ စိုက်ပျိုးထွက်ရှိစေရန် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီပေးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်နှိုးပေါင်းထိုးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရိတ်သိမ်းပြီးစပါးများ အရည်အသွေးကောင်းစေရန်နှင့် ဆုံးရှုံးမှုများ မရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# တိုက်ကြီးမြို့နယ်၌ နွေစပါး တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးပွဲ ကျင်းပ

**တိုက်ကြီး ဇန်နဝါရီ ၁၅**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် နွေစပါးကို တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် တိုးချဲ့စိုက်ပျိုးရေး လှုံ့ဆော်ဆွေးနွေးခြင်းနှင့် ကွင်းလက်တွေ့စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက ဥတိုကျေးရွာအုပ်စု သဲပြားကျေးရွာရှိ တောင်သူ ဦးထွန်းထွန်း၏ လယ်မြေငါးဧကေ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က နွေစပါး တိုက်ရိုက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် တောင်သူ ဦးထွန်းထွန်း၏ လယ်မြေငါးဧကေ တိုက်ရိုက် မျိုးစေ့ချကိရိယာဖြင့် နွေစပါး မျိုးစေ့ချခြင်းအား ကွင်းသရုပ်ပြ စိုက်ပျိုးသည်။ တိုက်ကြီးမြို့နယ်တွင် နွေစပါး စိုက်ဧက ၅၅၈၁၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**မြင့်ဦး**

○ **ကင်းမွန်မှ**

ဖမ်းမိရရှိလေ့ရှိပြီး အရွယ်အစားသုံးလက်မအောက် ကင်းမွန်များကို ပြည်တွင်းစားသုံးမှုအတွက် ရောင်းချလျက်ရှိကာ အရွယ်အစား သုံးလက်မအထက် ကင်းမွန်များကို ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

**တင်ပို့**

မြိတ်ကျွန်းစု ပင်လယ်ပြင်မှ ဆလုံ တိုင်းရင်းသားများက ကင်းမွန်များကို မြိတ်မြို့မှ တစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ပြီး ကွန်တိန်နာ သင်္ဘောဖြင့် ပြည်ပသို့ အဆက်မပြတ် တင်ပို့လျက်ရှိသည့်အတွက် မြန်မာ့ကင်းမွန်များ ပြည်ပဈေးကွက်ထိ ပွင့်လန်းလျက်ရှိကြောင်း ရွှေပိတောက်ငါးဈေးမှ သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ခွဲမာန်**

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂/၂၀၂၅)**
**၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်**
**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (ဏ) နှင့် (ဓ)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ နည်းစနစ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ စုဆောင်းခြင်းဖြင့်ဖြစ်စေ တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကိုသတ်ဖြတ်သည့်လုပ်ငန်းဖြစ်စေ၊ ယင်းလုပ်ငန်းမှရရှိသည့် တိရစ္ဆာန်ထွက်ပစ္စည်းများ သိုလှောင်သည့် လုပ်ငန်းကိုဖြစ်စေ ဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့်၊ ပြည်ပမှတင်သွင်းမည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်း၊ တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်ခြင်း၊ ကူးစက်ရောဂါကင်းရှင်းခြင်း စသည်တို့ ရှိ၊ မရှိ တို့ကိုစစ်ဆေးပြီး ဦးစီးဌာနကထုတ်ပေးသောလက်မှတ်ကို ဆိုသည်။”

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(န)တွင် ပါရှိသော “သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း”ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(င) လိုအပ်သည့်နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန် တည်ထောင်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊”

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(ဈ) သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊”

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၁ တွင်–

(က) ပုဒ်မခွဲ(တ)၏ နောက်တွင် ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်–

“(ထ) ဤဥပဒေအရ ထောက်ခံချက်လက်မှတ်၊ ခွင့်ပြုလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းတို့အတွက် ဝန်ဆောင်ခ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊”

(ခ) မူလဥပဒေပုဒ်မခွဲ(ထ)ကို ပုဒ်မခွဲ(ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်းအစားထိုးရမည်–

“(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ လုပ်ငန်းသုံးအဆောက်အအုံနှင့်ပစ္စည်းများ၊”

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၂ တွင် ပါရှိသော နှစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်” ဆိုသည့် စကားရပ်ကို “အာမခံကြေး၊ နှစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအခန်း(၉)၏ နောက်တွင် အခန်း(၉–က)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

**“အခန်း(၉ – က)**
**တိရစ္ဆာန်များအား စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ်**
**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း**

၂၂–က။ တိရစ္ဆာန်စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၂–ခ။ ပုဒ်မ ၂၂–ကပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်း ကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၂–ဂ။ ပုဒ်မ ၂၂–ခ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်–

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။”

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၃ တွင် ပါရှိသော “သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ”ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၂၉။ ဦးစီးဌာနသည် ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။”

၁၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၁၁)၏ နောက်တွင် အခန်း(၁၁–က)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

**“အခန်း(၁၁ – က)**
**မှတ်ပုံတင်ခြင်း**

၃၁–က။ တိရစ္ဆာန်၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ ပျားမွေးမြူရေး လုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ဆိုင်ရာပစ္စည်း အမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၁–ခ။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မ ၃၁–က အရ လျှောက်ထားချက်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ၊ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်း အမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစား ဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ် ချက်များနှင့် ညီ၊ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုး အစားနှင့်လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များ နှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစား ဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ် ချက်များနှင့် ညီ၊ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုး အစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက် များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစား ဖြစ်လျှင် ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် –

(၁) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ၊ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၃၁-ဂ။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။"

၁၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၇ ခေါင်းစဉ်၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ)နှင့် (ဃ)၊ ပုဒ်မ ၄၂၊ ၄၃ နှင့် ၄၈ တို့၏ ခေါင်းစဉ်တွင်ပါရှိသော "ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်" ဆိုသည့်စကားရပ်ကို "ခွင့်ပြုလက်မှတ်၊ ထောက်ခံချက်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၄၄နှင့် ၄၉ တို့တွင်ပါရှိသော"သားသတ်ရုံတည်ထောင်ခြင်း"နှင့် "သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း" ဆိုသည့် စကားရပ်တို့ကို "သားသတ်ရုံလုပ်ငန်း"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၃ ၏ နောက်တွင် ပုဒ်မ ၅၃-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅၃-က။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၁၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅၅-က။ ဤဥပဒေဖြင့် ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအား အလှူတော်ငွေ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်နှင့် အရှင်ဂဝမ္ပတိမထေရ် စာအုပ်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအား ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နေပြည်တော် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရ (မြို့တော်ဝန်) ကျောင်း ဆရာတော် ဘဒ္ဒန္တခေမာနန္ဒနှင့် အလှူရှင်များက အလှူငွေ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်နှင့် အရှင်ဂဝမ္ပတိမထေရ် စာအုပ်များ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တ မုနိကုမာရထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်များနှင့် ရေဘေးကို တားဆီးတော်မူခဲ့သော အရှင်ဂဝမ္ပတိမထေရ်စာအုပ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၃၁၆ ကျောင်းတို့အား လှူဒါန်းမည့် ပဋ္ဌာန်းပါဠိတော်ကျမ်းစာအုပ်များ၊ အရှင်ဂဝမ္ပတိမထေရ် စာအုပ်များ၊ Pagoda Digital Directory ဘုရားစေတီများသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်တို့ကို ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖျာပုံမြို့မဈေးကြီးရှေ့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဖျာပုံ ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးသက်နိုင်ဝင်း ဦးဆောင်မှုဖြင့် ဖျာပုံမြို့မဈေးကြီးရှေ့၌ ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် မီးဘေးလုံခြုံရေးအတွက်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်နိုင်ဝင်းနှင့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများနှင့် မီးဘေးလုံခြုံရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော အဖွဲ့က ပြည်သူများအား မီးဘေးကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အုတ်တွင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ



**အုတ်တွင်း ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဆုများပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH ရုပ်သံလိုင်း MYANSAT ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ Borderless Broadcast Co.,Ltd. CEO နှင့် Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO တို့က MYANSAT DTH ရုပ်သံလိုင်းထုတ်လွှင့်မှုကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH ရုပ်သံလိုင်းအသစ်ဖြစ်သည့် MYANSAT DTH ရုပ်သံလိုင်း ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နှင့်ဇနီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ MYANSAT DTH ရုပ်သံလိုင်း စတင်ထုတ်လွှင့်မှု ဖွင့်လှစ်ခြင်းအခမ်းအနားကို Animation ဖြင့် ဖွင့်လှစ်ပြသပြီး မီဒီယာများအပါအဝင် မီဒီယာကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်ဖြစ်သော ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် MRTV DTH အခမဲ့ရုပ်သံလွှင့်စနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် DTH ရုပ်သံလိုင်းအသစ်ဖွင့်လှစ်နိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုအားပေးပါကြောင်း ပြောကြားသည်။

ယင်းနောက် Borderless Broadcast Co.,Ltd. မှ CEO ဦးသုတဇော်က MYANSAT DTH Product နှင့် MYANSAT App အကြောင်း ရှင်းလင်းတင်ပြပြီး Lao AsiaPacific Satellite Co., Ltd. မှ Deputy CEO မစ္စတာလီကျိုးရှမ်က ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ Borderless လွှဲပြောင်းပေးအပ်ပြီး MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ် လက်ဆောင်များကို ဧည့်သည်တော်များထံ လိုက်လံပေးအပ်သည်။

ယင်းနောက် MRTV Orchestra နှင့်တွဲဖက်၍ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် Lဆိုင်းဇီ၊ မိုးသောက်၊ အေးမြဖြူပူစူးနှင့် အိုင်ရင်းဇင်မာမြင့် တို့က သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ များ၊ သဘာဝသယံဇာတများ၊ ပြည်တွင်းသတင်းနှင့် နိုင်ငံတကာ ဖျော်ဖြေရေး အစီအစဉ်များကို အများပြည်သူ ကြည့်ရှုနိုင်ရန် အတွက် ဝန်ဆောင်မှုပေးနေသည့် ဖျော်ဖြေရေး မီဒီယာများနှင့် ပူးပေါင်းကာ နိုင်ငံတကာအဆင့်မီ ရုပ်သံအစီအစဉ်များ၊ ရသမျိုးစုံ၊ ဗဟုသုတမျိုးစုံ ပေးစွမ်းနိုင်မည့် နိုင်ငံတကာ ရုပ်သံလိုင်းများစွာကို Package နှစ်မျိုးခွဲခြား၍ ရုပ်သံလိုင်း ၉၈ လိုင်းပါဝင်သော MYANSAT DTH Package(1) နှင့် ၁၇၆ လိုင်းပါဝင်သော Package(2) တို့ဖြင့် ထုတ်လွှင့်ဝန်ဆောင်မှုပေး နှစ်သက်ရာ ရွေးချယ်ကြည့်ရှုနိုင်မည့် MYANSAT Application ဖြင့်လည်း ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MYANSAT DTH အမည်ဖြင့် ဆောင်ရွက်သည့် BBTV ကုမ္ပဏီအနေဖြင့် MRTV DTH Free To Air အခမဲ့ဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စက်ပစ္စည်းအသစ်အစုံ ၁၀၀၀၀ကို သုံးနှစ်အတွင်း ပေးအပ်မည်ဖြစ်ရာ ယနေ့အခမ်းအနားတွင် စက်ပစ္စည်းအသစ်အစုံ ၃၀၀၀ ကို ဦးစွာပေးအပ်ခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား Borderless Broadcast Co.,Ltd. CEO ဦးသုတဇော်က MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ် လက်ဆောင်ပေးအပ်စဉ်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်ထံ Borderless Broadcast Co.,Ltd. CEO ဦးသုတဇော်က MRTV DTH စက်ပစ္စည်းအစုံ ၃၀၀၀ ပေးအပ်စဉ်။

"အသစ်အဆန်းများဝေဆာ DTH ကမ္ဘာ" အမည်ပေးထားသည့် Video Clip ပြသမှုကိုဆက်လက်၍ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် အများပြည်သူအတွက် ပျော်ရွှင်ကြည်နူး ချမ်းမြေ့မှုနှင့် စိတ်ခွန်အားသစ်များ ပေးစွမ်းနိုင်မည့် DTHရုပ်သံလိုင်းသစ်တစ်ခုကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ အဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသော မင်္ဂလာရှိသည့် အခမ်းအနားတစ်ခု ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ သိရှိ၊ ခံစားပိုင်ခွင့်ဖြစ်သည့် သတင်းအချက်အလက်၊ အသိပညာ ဗဟုသုတနှင့် ဖျော်ဖြေရေးဆိုင်ရာများကို ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံပိုင်မီဒီယာများအပြင် ပုဂ္ဂလိက ကိုယ်တိုင်တက်ရောက်ပြီး စတင်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

ယနေ့တွင် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မည့် MYANSAT DTH ကို စတင်ဖွင့်လှစ်ပေးမည်ဖြစ်ရာ ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ရုပ်သံလိုင်းများစွာကို စိတ်ကြိုက်ရွေးချယ်ပြီး ကြည့်ရှုနားဆင်ခွင့်များ ပိုမိုတိုးမြှင့် ရရှိကြမှာဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအတွက် သတင်းအချက်အလက်နှင့် အသိပညာ ဗဟုသုတများအပြင် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် ဝန်ဆောင်မှုပေးမည့်၊ ပြည်သူများပျော်ရွှင်ချမ်းမြေ့ပြီး စိတ်ခွန်အားသစ်များ ပေးစွမ်းနိုင်မည့်၊ ဆန်းသစ်သည့် နိုင်ငံတကာ နည်းပညာများနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတို့ဆုံမှတ်နေရာတစ်ခု ဖြစ်သောပေါင်းကူး တံတားပုံစံဖြင့် ဝန်ဆောင်မှုပေးမည့် MYANSAT Broadcast Co.,Ltd. CEO နှင့် Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO တို့က MYANSAT DTH ရုပ်သံလိုင်းထုတ်လွှင့်မှုကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကုမ္ပဏီ CEO ဦးသုတဇော်က ပြည်ထောင်စုဝန်ကြီးအား MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ်လက်ဆောင်ကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံ MRTV DTH အခမဲ့ဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် MRTV DTH စက်ပစ္စည်းအစုံ ၃၀၀၀ ကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ CEO ဦးသုတဇော်က MYANSAT DTH စက်ပစ္စည်းများ ဖြန့်ဖြူးရေးအတွက် Authorization Letter များကို အရောင်းကိုယ်စားလှယ်သုံးဦးထံ ဦးသန်းထွန်းဦးတို့က MRTV Orchestra နှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးအပ်သည်။

ယနေ့ စတင်ဖွင့်လှစ်ခဲ့သည့် MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်မည့် Borderless Broadcast Co., Ltd. သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ DTH စနစ်ဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့် အညီ ခွင့်ပြုချက်ရယူ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သဘောတူစာချုပ်ချုပ်ဆို၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်မှစပြီး နိုင်ငံတစ်ဝန်းသို့ စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ ယနေ့တွင် အခမ်းအနားကျင်းပကာ စတင်ထုတ်လွှင့်ခြင်းဖြစ်သည်။

MYANSAT DTH အနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာထုံးတမ်းအစဉ်အလာ မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပရိသတ်များအနေဖြင့် မြန်မာရုပ်သံလိုင်းများကို စုံလင်စွာ ရွေးချယ်ကြည့်ရှုနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သည့် MRTV HD, MRTV News, MRTV Parliament, MRTV NRC, MRTV Farmers' , MRTV Sport, MITV နှင့် Education Channel ဟူသည့် ရုပ်သံလိုင်း ရှစ်လိုင်းအပြင် Fortune, Channel-K, 5-plus, YTV, MAHAR, MAHAR ESPORTS ရုပ်သံလိုင်းများကိုလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း နှင့် အခြားပုဂ္ဂလိက Channel များ ဆက်လက် ထည့်သွင်းပြသနိုင်ရန်နှင့် ကိုယ်ပိုင်ရုပ်သံလိုင်းများ ထုတ်လုပ်၍ တင်ဆက်နိုင်ရန် စီစဉ် ဆောင်ရွက်သွားမည်ဖြစ် သကဲ့သို့ MYANSAT DTH ၏ ရုပ်သံအစီအစဉ်များကို Mobile Phone များပေါ်မှလည်း နေရာဒေသမရွေး၊ အချိန်မရွေးကြိုက် 

BBTV ကုမ္ပဏီအနေဖြင့် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီလီမိတက်တို့နှင့် ပူးပေါင်းပြီး Laosat 1 Satellite ကို အသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရန်၊ နှစ်နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက် တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကော့သောင်းမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့ ရွှေဟသ်ာရပ်ကွက် ကမ်းနီးငါးဇုန်ရှိ FOB စစ်ဆေးရေးစခန်း၌ ငါးဖမ်းစက်လှေများနှင့် ပို့ကုန်၊ သွင်းကုန်တင်သွင်းရာတွင် စစ်ဆေးရေးအဖွဲ့များက ချက်ပွိုင့်စစ်ဆေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ သမဝါယမအသင်းရုံးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကော့သောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ပိုမိုအောင်မြင်စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။



ထို့နောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကော့သောင်းမြို့နယ် စိုင်ဒင်းကျေးရွာရှိ ယာယီရှင်းလင်းဆောင်၌ ကျေးရွာကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စိုင်ဒင်းကျေးရွာအား ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း (Smart Village)၏ အဓိကကဏ္ဍကြီး(၆)ရပ်ဖြစ်သည့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှု ကူညီထောက်ပံ့မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားမြင့်မားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် စီမံကိန်းရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာဘက်စုံသုံးခန်းမ၊ ကျေးရွာစာကြည့်တိုက်၊ ကျေးရွာရေရရှိရေးအတွက် လက်တူးတွင်းကျယ်နှင့် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ထိုက်အောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ သမဝါယမ(စံပြဈေး)ကိုလည်းကောင်း၊ ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အပ်ချုပ်စက် သင်တန်းဆင်းသူများအနက် လုပ်ငန်းသုံးပစ္စည်း ပေးအပ်ထားသူများ၏ စံပယ်အပ်ချုပ်ဆိုင်ကိုလည်းကောင်း၊ ကော့သောင်းမြို့နယ် ၈ မိုင်ကျေးရွာ၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် သံဂဟေဆက်သင်တန်းဆင်းသူများအနက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ထားသူများ၏ သံဂဟေဆက်လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများနှင့် သင်တန်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာ၌ ရွှေဝါထွန်း ဘက်စုံစိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကော့သောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလမ်းမကြီးမှ ချောင်းဝကျေးရွာသို့ဆက်သွယ်သောလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လုပ်သက်အရ ပင်စင်ယူသော်လည်း နိုင်ငံ့တာဝန်များကို ပညာသင်နှစ်တစ်နှစ်ပြီးဆုံးအောင် ဆက်လက်သင်ကြားပေးလျက်ရှိသော ဆရာမနှစ်ဦးနှင့် ပြည်နယ်အဆင့် လူမှုထူးချွန်ဆုရရှိသော ဆရာမတစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ၏ သီဆို၊ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မြောင်းမြပညာရေးဒီဂရီကောလိပ်၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်နှင့် ပုသိမ်တက္ကသိုလ်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မြောင်းမြမြို့ မြောင်းမြပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ဆရာ ဆရာမများ၏ သင်ပြနည်းစနစ်များ၊ ကျောင်းသား ကျောင်းသူများ၏ တန်းပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြပညာရေးဒီဂရီကောလိပ် နယ်မြေအတွင်း စာသင်ဆောင်များ၊ အိပ်ဆောင်များ တည်ရှိဖွဲ့စည်းပုံကို မြေပြင်ကွင်းဆင်းလေ့လာကာ ကျောင်းပရိဝုဏ်ဥပမိရပ်စနစ်ကျတင့်တယ်စေရေး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သင်ပြနည်းစနစ်များ၊ စာသင်ခန်းစီမံခန့်ခွဲမှုစနစ်များကို ဆွေးနွေးမှာကြားကာ စားရိပ်သာ၌ ကျောင်းသား ကျောင်းသူများ နေ့လယ်စာသုံးဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ပညာရေးဒီဂရီကောလိပ်အတွင်း စာသင်ဆောင်၊ အိပ်ဆောင်များ၊ ခန်းမနှင့် လေ့ကျင့်ရေးအလယ်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုသိမ်တက္ကသိုလ်သို့ရောက်ရှိပြီး ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးပြီး တက္ကသိုလ်သာယာလှပရေးအတွက် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**တိုင်းပြည် သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၂)

**၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာန စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နှစ်(၄၀) ပြည့် ပတ္တမြားရတုပြည့်မြောက်သည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ အနာဂတ် စွမ်းအင်ကဏ္ဍအတွက် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်မည့် နှစ်တစ်နှစ်ဖြစ်သည့်အတွက် ၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာနအတွက် ထူးခြားသော နှစ်တစ်နှစ်ဖြစ်ပါသည်။**

**မောင်သုတ (စွမ်းအင်)**

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏စွမ်းအင် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရှိ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ရှာဖွေခြင်း၊ ထွက်ရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့အား ကုန်ကြမ်းနှင့် လောင်စာအဖြစ် အသုံးပြု၍ နိုင်ငံအတွက် လိုအပ်သည့် ရေနံထွက်ပစ္စည်းများနှင့် ယူရီးယားဓာတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့များဖြန့်ဖြူးပေးခြင်း၊ မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးနှင့် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုအား လျှော့ချဆောင်ရွက်၍ စက်သုံးဆီလိုအပ်ချက်များ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ပြည်တွင်းတွင် ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ခြင်း၊ လက်ရှိ ရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်ခြင်းနှင့် ပြည်ပမှ ရေနံစိမ်းတင်သွင်း၍ အရည်အသွေးမြင့် စက်သုံးဆီများအား ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်သွားနိုင်ရေးအတွက် အစီအမံများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းလျက်ရှိပြီး သုံးရာခိုင်နှုန်းခန့်ကိုသာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၂၀၂၅ ခုနှစ်တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ စွမ်းအင်သယံဇာတကို ပြည်သူလူထုထံသို့ လက်ဝယ်ရောက်ရှိရေးအတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များ အနက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အရောင်းဆိုင်အမှတ်(၀၃၅၃)၊ မန္တလေးမြို့ရှိ အရောင်းဆိုင်အမှတ်(၀၆၁၁)နှင့် (၀၆၁၄)တို့တွင် ၄-၁-၂၀၂၅ ရက်နေ့မှစ၍ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ချက်လုပ်ထွက်ရှိသည့် ပြည်တွင်းထုတ်ဓာတ်ဆီအား ဒေသန္တရပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ပြည်သူလူထုထံ တိုက်ရိုက်ရောင်းချဖြန့်ဖြူးပေးလျက်ရှိပါသည်။



ပြည်တွင်းထုတ်ဓာတ်ဆီအား သုံးစွဲသူပြည်သူများ ဝယ်ယူနေမှုကို တွေ့ရစဉ်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဟင်းငုတ်ပင်စက်သုံးဆီအရောင်းဆိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်စက်သုံးဆီအရောင်းဆိုင်များကိုလည်း ဆက်လက်ဖွင့်လှစ်၍လည်းကောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများတွင်လည်း ပြည်သူလူထုများ ဈေးနှုန်းချိုသာစွာ ပြည်တွင်းထုတ်ဓာတ်ဆီအား တိုက်ရိုက်ဝယ်ယူရရှိနိုင်ရေး စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်၍လည်းကောင်း ရောင်းချပေးသွားရန် စွမ်းအင်ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းထုတ်ဓာတ်ဆီ၏ အောက်တိန်းအမှတ်မှာ RON 68 ဖြစ်ပါသည်။

### အောက်တိန်းအမှတ် (Research Octane Number – RON)၏ အကျိုးသက်ရောက်မှု

အောက်တိန်းအမှတ် (Research Octane Number – RON) ဆိုသည်မှာ အင်ဂျင်အတွင်း၌ ပေါက်ကွဲလောင်ကျွမ်းမှုဖြစ်ချိန်တွင် ဖြစ်ပေါ်လာသည့် ဖိအားဒဏ်နှင့် အင်ဂျင် Knocking တို့အား ခံနိုင်ရည်ရှိမှုတို့အတွက် သတ်မှတ်ချက်ပင်ဖြစ်ပါသည်။ အောက်တိန်းအမှတ် စမ်းသပ်ခြင်းများ မပြုလုပ်မီကာလတွင် ထုတ်လုပ်သော မော်တော်ယာဉ်များ၏ အင်ဂျင်များသည် အင်ဂျင်ခေါက်ခြင်းကို ရှောင်ရှားရန်အတွက် အလွန်နိမ့်သော Compression Ratio ဖြင့် လည်ပတ်စေရန် ဒီဇိုင်းထုတ်ထားပြီး ယင်းတို့၏ စွမ်းဆောင်ရည်ကို ကန့်သတ်ထားရှိပါသည်။ အောက်တိန်းအမှတ်သည် လောင်စာအား ဖိအားပေးချိန်တွင် အလိုအလျောက် မီးထလောင်မှု (Premature Combustion) ခံနိုင်ရည်ပိုမိုမြင့်မားခြင်းနှင့်လည်း တိုက်ရိုက်သက်ဆိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။

မော်တော်ယာဉ်များတွင်ပါရှိသော Owner Manual များ၌ အင်ဂျင်ခေါက်နှုန်းကို ကန့်သတ်နိုင်ရန်အတွက် အသုံးပြုရမည့်ဆီတွင် ပါရှိရမည့် အောက်တိန်းအမှတ်အား သတ်မှတ်ထားရှိပါသည်။ အောက်တိန်းအမှတ် မြင့်မားပါက အင်ဂျင်၏ လောင်စာဆီလောင်ကျွမ်းမှု (Fuel Combustion) နှင့် အငွေ့ပြန်မှုနှုန်း (Volatile) မြင့်မားလာပြီး ဆီစားနှုန်း (Fuel Consumption) ပမာဏမြင့်တက်စေနိုင်ပါသည်။ အင်ဂျင်အတွက် သတ်မှတ်ထားရှိသည့် အောက်တိန်းအမှတ်ထက်နိမ့်သော ဓာတ်ဆီအား အသုံးပြုပါက မော်တော်ယာဉ်အင်ဂျင်၏ သက်တမ်းတိုစေနိုင်သကဲ့သို့ အောက်တိန်းအမှတ်ပို၍ မြင့်မားသော ဓာတ်ဆီအား Regular Gasoline အသုံးပြုရမည့် မော်တော်ယာဉ်၌ ထည့်သွင်းအသုံးပြုမိပါက Complete Combustion မဖြစ်နိုင်ဘဲ ဆီစားနှုန်းပိုမိုဖြစ်ပေါ်စေပြီး မော်တော်ယာဉ်မောင်းနှင်ရာတွင် အခြားသိသာထင်ရှားသည့် စွမ်းဆောင်ရည်များကို ရရှိနိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ မော်တော်ယာဉ်များတွင် သင့်လျော်သည့်ဓာတ်ဆီအား ရွေးချယ်အသုံးပြုတတ်ရန် အလွန်အရေးကြီးပါသည်။

### ဓာတ်ဆီအင်ဂျင်၏ လုပ်ဆောင်ပုံ

ဓာတ်ဆီအင်ဂျင်ဆိုသည်မှာ လေနှင့် လောင်စာဖြစ်သော ဓာတ်ဆီအရောအနှောကို အင်ဂျင်၏ Piston ထိပ်တွင် ဖိအားပေး၍ Spark Plug မှတစ်ဆင့် Ignition ပြုလုပ်ကာ မီးလောင်မှုကို အစပျိုးပြီး ပါဝါထုတ်ယူသော အင်ဂျင်အမျိုးအစားဖြစ်ပါသည်။ လေနှင့် လောင်စာအရောအနှောအား ဖိအားပိုမိုပေး၍ လောင်ကျွမ်းမှုပြုလုပ်လျှင် အင်ဂျင်ပါဝါပိုမိုရရှိကြောင်း တွေ့ရှိရသည့်အတွက် ဖိအားဖြစ်ပေါ်စေသည့် Compression Ratio ကို မြှင့်တင်၍ ဓာတ်ဆီအင်ဂျင်များကို ဒီဇိုင်းပြုလုပ်တည်ဆောက်လာခဲ့ကြပါသည်။

အင်ဂျင်ဒီဇိုင်းများအပေါ် မူတည်၍ Compression Ratio ပြောင်းလဲမှုရှိသည့်အတွက် Compression Ratio အပေါ်မူတည်၍ စက်သုံးဆီအမျိုးအစားကို သတ်မှတ်သုံးစွဲကြသည်။ သို့ဖြစ်၍ Compression Ratio နှင့် ကိုက်ညီသည့် စက်သုံးဆီအမျိုးအစားများကို ရွေးချယ်သုံးစွဲရမည်ဖြစ်သည်။ ဥပမာအားဖြင့် အောက်တိန်းအမှတ်မြင့်မားသော ဓာတ်ဆီသည် Compression Ratio မြင့်မားသော အင်ဂျင်များတွင် မီးခေါက်သံ(Knocking Sound) ဖြစ်ပေါ်မှုနည်းပါးပြီး အင်ဂျင်စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေပါသည်။

ဓာတ်ဆီအင်ဂျင်များတွင် မီးလောင်ပေါက်ကွဲမှုဖြစ်ပေါ်ချိန်၌ ပုံတွင်ဖော်ပြထားသည့်အတိုင်း အင်ဂျင်၏ Piston သည် **စာမျက်နှာ ၁၁ သို့** ◆






# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသောလူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ် ရရှိသူများဖြစ်သည့် ဦးဝင်းကို(ငြိမ်း) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ဦးစိုးမြင့်သံအမတ်ကြီး(ငြိမ်း)၊ အမျိုးသားစာပေ တစ်သက်တာဆုရှင် ဒေါက်တာသန်းဦး (ပြည်စိုးမင်း) (ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါက်တာယုယုမိုး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာဒေါ်မြင့်ကြည်(ငြိမ်း)၊ ဦးဝင်းကြည်(ငြိမ်း)၊ တရားသူကြီးချုပ်များဖြစ်သော ဦးဝင်းမြင့်ကျော်(ငြိမ်း)၊ ဦးကျော်လင်းမောင် (ငြိမ်း)၊ သံအမတ်ကြီးများ ဖြစ်သော ဦးလင်းမြိုင်(ငြိမ်း)၊ ဦးဝင်းလွင်(ငြိမ်း)တို့အား ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်များကို လက်ဝယ်အရောက် အပ်နှင်းပေးအပ်ခဲ့သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားကို အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်စား သော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်း မရှိသည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိသည့်အတွက် ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူနိုင်မည့် ကာယကံရှင် ဆရာတော်များထံ လက်ရောက် ဆက်ကပ်၍ လည်းကောင်း၊ လူပုဂ္ဂိုလ် မိသားစုဝင်များထံ လက်ရောက်ချီးမြှင့်၍ လည်းကောင်း အပ်နှင်းကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ သီရိပျံ့ချီဘွဲ့ ရရှိသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကထိက ပဋ္ဌပတ္တိမဟာဌာနမှ ဆရာတော် ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏအား လှူဖွယ်ပစ္စည်းများ၊ ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်များအားလည်းကောင်း၊ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနအား သီရိပျံ့ချီဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများအားလည်းကောင်း ဆက်ကပ်ကြသည်။

ဆက်လက်၍ ရန်ကင်းမြို့နယ်မှ အလင်္ကာကျော်စွာဘွဲ့ ရရှိသည့် အမျိုးသားစာပေတစ်သက်တာဆုရှင်ဒေါ်ခင်သန်းဝင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူများဖြစ်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ တရားသူကြီးချုပ်(ငြိမ်း) ဦးမြင့်ဝင်း၊ သဃ်န်းကျွန်းမြို့နယ်မှ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး (ငြိမ်း)ဦးသိန်းဟန်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဗိုလ်မှူးကြီး အောင်ဒင်၊ တာမွေမြို့နယ်မှ ကော်မရှင်အဖွဲ့ဝင် ဦးသိန်းမြင့်၊ ပုဇွန်တောင်မြို့နယ်မှ အလင်္ကာကျော်စွာဘွဲ့ ရရှိသည့် အမျိုးသားစာပေ တစ်သက်တာဆုရှင် ဦးချစ်စံ(ချစ်စံဝင်း)နှင့် ဗဟန်းမြို့နယ်မှ သူရဘွဲ့ရရှိသည့် ဒုတိယဗိုလ်မှူးကြီး တင့်လွင်စိုးကိုယ်စား ဇနီးဖြစ်သူတို့၏ နေအိမ်တို့သို့ သွားရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်တို့အား လက်ဝယ်အရောက်ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

◆ စာမျက်နှာ ၁၀ မှ

သတ်မှတ်နေရာ Top Dead Center(TDC) ရောက်ချိန် Spark Plug ၏ Spark ဖြစ်ပေါ်သောနေရာမှ စတင်မီးလောင်ပေါက်ကွဲမှသာလျှင် အင်ဂျင်၏ အသံကောင်းမွန်၍ စွမ်းဆောင်မှုကောင်းမွန်မည် ဖြစ်ပါသည်။ ထိုသို့ဖြစ်စေရန်အတွက် အင်ဂျင်၏ Compression Ratio မြင့်လာသည်နှင့်အမျှ Gasoline ၏ RON သတ်မှတ်ချက်မြင့်မားလာရန် လိုအပ်ပါသည်။ Compression Ratio မြင့်မားသောအင်ဂျင်တွင် RON နိမ့်သော Gasoline များ အသုံးပြုပါက ပုံတွင်ဖော်ပြထားသည့်အတိုင်း Piston သတ်မှတ်နေရာ Top Dead Center (TDC) မရောက်မီ Premature Combustion ဖြစ်ပေါ်ပြီး မီးခေါက်သံ (Knocking Sound) ထွက်ပေါ်လာနိုင်ပါသည်။ အင်ဂျင်တစ်လုံးတွင် ဝန်နှင့်အားမမျှတသည့် အချိန်အခါမျိုးတွင်လည်း အင်ဂျင်မီးခေါက်သံ ထွက်ပေါ်လေ့ရှိပါသည်။ မီးခေါက်သံထွက်ပေါ်မှုသည် အင်ဂျင်အား ရုတ်တရက်ဆိုးရွားစွာ ထိခိုက်ပျက်စီးခြင်းမျိုးမဟုတ်ဘဲ ရေရှည်တွင် အင်ဂျင်သက်တမ်းလျော့ကျစေမည်ဖြစ်ပါသည်။

**ဓာတ်ဆီအား အခြေခံအားဖြင့် အုပ်စု (၃) မျိုး ခွဲခြားသတ်မှတ်**

အောက်တိန်းအမှတ် (RON 90) အောက်ရှိသော ဓာတ်ဆီများကို Regular Gasoline အဖြစ် သတ်မှတ်ကြပြီး မီးစက်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးယာဉ်များနှင့် မော်ဒယ်နိမ့်သောကားများတွင် အသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။ Regular Gasoline များကို Compression Ratio 9:1 ဝန်းကျင်ရှိကာဗရက်တာ (Carburettor) တပ်ဆင်ထားသော အင်ဂျင်များတွင် အသုံးပြုရန် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။

အောက်တိန်းအမှတ်(RON 91)မှ (RON 93) ဝန်းကျင်ရှိသော ဓာတ်ဆီများကို Premium Gasoline များအဖြစ်သတ်မှတ်ကြပြီး ယင်း Premium Gasoline များကို လက်ရှိအသုံးပြုနေသော မော်ဒယ်မြင့်ကားများတွင် အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါသည်။ Premium Gasoline များကို Compression Ratio 10:1 မှ 11:1 ဝန်းကျင်ရှိသော EFI Engine များတွင် အသုံးပြုရန် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။

အောက်တိန်းအမှတ်(RON 95)အထက်ရှိသော ဓာတ်ဆီများကို Super Premium Gasoline များအဖြစ် သတ်မှတ်ကြပြီး တန်ဖိုးမြင့်ဇိမ်ခံကားအင်ဂျင်များနှင့် ပြိုင်ကားများတွင် အသုံးပြုကြောင်း တွေ့ရှိရပါသည်။ Super Premium Gasoline များကို Compression Ratio 11:1 အထက်ရှိသော Special Purpose Engine များတွင် အသုံးပြုရန် သင့်လျော်ကြောင်း တွေ့ရှိရပါသည်။

> **❝ ပြည်တွင်းထုတ်ဓာတ်ဆီကို နှစ်ဘီးတပ်နှင့် သုံးဘီးတပ်ယာဉ်များ အပြင် အင်ဂျင်ခေါက်နှုန်းအား သီးသန့် ကန့်သတ်ဖော်ပြထားခြင်း မရှိသော မော်တော်ယာဉ်များ၌ အသုံးပြုမည်ဆိုပါက ပိုမိုသင့်လျော်မည် ဖြစ်ပါသည်။ လက်တွေ့အသုံးပြုသူများအတွက်လည်း အကျိုးများစွာ ရှိနေသည်ဖြစ်ရာ စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးရောင်းချပေးလျက် ရှိသည့် စက်သုံးဆီအရောင်းဆိုင်များတွင် တစ်ပတ်အတွင်း ဝယ်ယူသုံးစွဲသူများ သိသာစွာများပြားလာလျက်ရှိပြီး မော်ဒယ်နိမ့်မော်တော်ယာဉ်များ၊ မီးစက်၊ စက်လှေစသည့် ယာဉ်ယန္တရားများအတွက်ပါ ရောင်းချပေးပါရန် တောင်းဆိုမှုများရှိလာ ❞**




Regular Gasoline ၏ Self–ignition အပူချိန်သည် ၄၅၀°C မှ ၅၅၀°C အတွင်းရှိပြီး Premium Gasoline ၏ Self–ignition အပူချိန်သည် ၄၈၀°C မှ ၇၀၀°C အတွင်းရှိသည့်အတွက် Compression Ratio နိမ့်သည့် အင်ဂျင်များတွင် အောက်တိန်းအမှတ်မြင့်သော ဓာတ်ဆီများအား အသုံးပြုမည်ဆိုပါက Complete Combustion မဖြစ်နိုင်ဘဲ အင်ဂျင်၏စွမ်းဆောင်ရည် မကောင်းခြင်း၊ မီးခိုးထုတ်လွှတ်မှုများခြင်းနှင့် ဆီစားခြင်း စသည်တို့ကိုလည်း ဖြစ်ပေါ်စေပါသည်။ Compression Ratio နိမ့်သောအင်ဂျင်များတွင် အောက်တိန်းအမှတ်မြင့်မားသော ဓာတ်ဆီများအား ထည့်သွင်းအသုံးပြုခြင်းသည် ကုန်ကျစရိတ်များသည့်အပြင် လေထုညစ်ညမ်းမှုကိုပါ ဖြစ်ပေါ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် Compression Ratio နိမ့်သော အင်ဂျင်များတွင် Regular Gasoline ကိုသာ အသုံးပြုသင့်ပါသည်။

ပြည်တွင်းထုတ်ဓာတ်ဆီကို နှစ်ဘီးတပ်နှင့် သုံးဘီးတပ်ယာဉ်များအပြင် အင်ဂျင်ခေါက်နှုန်းအား သီးသန့် ကန့်သတ်ဖော်ပြထားခြင်းမရှိသော မော်တော်ယာဉ်များ၌ အသုံးပြုမည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ပါသည်။ လက်တွေ့အသုံးပြုသူများအတွက်လည်း အကျိုးများစွာရှိနေသည်ဖြစ်ရာ စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များတွင် တစ်ပတ်အတွင်း ဝယ်ယူသုံးစွဲသူများ သိသာစွာများပြားလာလျက်ရှိပြီး မော်ဒယ်နိမ့်မော်တော်ယာဉ်များ၊ မီးစက်၊ စက်လှေစသည့် ယာဉ်ယန္တရားများအတွက်ပါ ရောင်းချပေးပါရန် တောင်းဆိုမှုများရှိလာသည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စံလုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP)ရေးဆွဲလျက်ရှိပြီး ဖြန့်ဖြူးသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ယခုဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များမှ ပြည်တွင်းထုတ်ဓာတ်ဆီအား ပြည်သူများအနေဖြင့် ယုံကြည်စွာ မိမိတို့၏ ယာဉ်များအတွက် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်သည့် အခွင့်အရေးတစ်ရပ်အား စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဖော်ဆောင်ခဲ့မှုအပေါ်တွင် မုဒိတာပွား၍ တင်ပြလိုက်ရပါသည်။ ။



# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းသတင်းမီဒီယာများ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းရှိပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦး က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်တို့က မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး ကဏ္ဍဆိုင်ရာများ၊ ပြည်တွင်းသတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မီဒီယာအဖွဲ့ ၄၁ ဖွဲ့မှ သတင်းမီဒီယာသမားများက မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးကြရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ နေပြည်တော်မှုခင်းနှင့်သတင်းစုံ အွန်လိုင်းအေဂျင်စီမှ ငွေကျပ် ၁၀ သိန်း လှူဒါန်းသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၊ ဥပဒေရေးရာကော်မတီ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာသမားများ အကာအကွယ်ပေးရေးကော်မတီ၊ စာရင်းစစ်ကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားပြီး သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေး မြှင့်တင်ပေးခြင်း၊ သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟောပြောပွဲများ စီစဉ်ကျင်းပပေးခြင်း၊ သက်ဆိုင်ရာ ထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် သတင်းမီဒီယာလုပ်ငန်းများ တိုးတက်ရေးအတွက် စီမံချက်များ ရေးသားဖော်ဆောင်ခြင်းစသည့် အဓိကလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်အောင်မြို့၌ ကျောင်းအခြေပြုမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်

မြန်အောင် ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးလောင်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရန် စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၂) နေခြည်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ထွေးက ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သောအချက်များ၊ မီးသတ်ဆေးဘူး အသုံးပြုကာ မီးငြိမ်းသတ်ခြင်းများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြသရာ မြို့နယ်ဦးစီးအရာရှိ ဦးတင်မောင်ထွေးဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များက အခြေခံပညာ အထက်တန်းကျောင်း (နေခြည်)မှ ဆရာ ဆရာမများ၊ကျောင်းသားကျောင်းသူများအားဆီမီး(DCP)မီးသတ်ဆေးဘူးဖြင့် အရေးပေါ်မီးငြိမ်းသတ်နိုင်ရန်ပြသပေးခြင်း၊ အဝတ်ရေစိုဖြင့်အရေးပေါ် မီးငြိမ်းသတ်ပုံများကိုသရုပ်ပြကာ ယနေ့နံနက်ပိုင်းက မြန်အောင်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် စစ်ဆေးဆောင်ရွက် အကြံပြုခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေဦးသာ

# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိသြတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "သခင်ကြင်လျှင်ပန်တော်မူ" | Poe Sone Kyuu | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br>ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်)၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| (ခ) | "အို ... ဤအချစ်များရယ် ဘာကြောင့် ဆုံဖို့ခက်ရတယ်" | Suri Park | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br>ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်)၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆- ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| (ဂ) | "ရင်ခွင်ညှာရယ် ချစ်လွန်းပို့၏" | Mirella-vc | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br>ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်)၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။<br>အမှတ်(၁၂၄၁/ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

❖ **အာရှဖလားမှ**

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် နိုဝင်ဘာလတွင်ကျင်းပသည့် အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံခဲ့ပြီး ဗီယက်နမ်အသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သလို ယခုထပ်မံတွေ့ဆုံရာတွင်လည်း ပိုမိုပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇန်နဝါရီ ၁၇ ရက်တွင် တရုတ်တိုင်ပေအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MFF

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာ (AI) ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရန် ခွင့်ပြုမိန့်ကို သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အမျိုးသားလုံခြုံရေးနှင့် စီးပွားရေး အကျိုးစီးပွားကို ကာကွယ်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အဆင့်မြင့် ဉာဏ်ရည်တုနည်းပညာ (AI) ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရန် ခွင့်ပြုမိန့်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍမှ အကြီးစား AI ဒေတာစင်တာများ တည်ဆောက်နိုင်သည့် ဗဟိုအစိုးရနေရာများကို ငှားရမ်းရန် ကာကွယ်ရေးနှင့် စွမ်းအင်ဌာနများကို ညွှန်ကြားထားကြောင်း အဆိုပါ ခွင့်ပြုမိန့်တွင် ဖော်ပြထားသည်။

အကြီးစား AI ဒေတာစင်တာများတည်ဆောက်ရာတွင် သန့်ရှင်းသောစွမ်းအင်ကို အသုံးပြုရန် လိုအပ်ပြီး အစိုးရက ဓာတ်အားတိုးချဲ့တည်ဆောက်မှုကို ပံ့ပိုးပေးမည်ဖြစ်သည်။

ယင်းစင်တာများ၏ လုပ်ငန်းလည်ပတ်မှုသည် စွမ်းအင်ပမာဏများစွာ လိုအပ်သည်။ Chat GPT အသုံးပြုမှုပုံစံသည် တစ်နှစ်လျှင် အိမ်ခြေ ၁၃၀ ကို လျှပ်စစ်ဓာတ်အားပေးရန် လိုအပ်သည့်ပမာဏ ၁၃၀၀ မဂ္ဂါဝပ်နာရီအထိ အသုံးပြုရန်လိုအပ်ကြောင်း AI သုတေသီများက ပြောသည်။

ယခုလက်မှတ်ရေးထိုးသည့် အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာ (AI) ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ရန် ခွင့်ပြုမိန့်ကို အမေရိကန်၏ သမိုင်းဝင်အမိန့်တစ်ရပ်အဖြစ် သမ္မတဂျိုးဘိုင်ဒင်က ပြောကြားသည်။

နည်းပညာဖွံ့ဖြိုးမှုများပြည့်နှက်နေမည့် အနာဂတ်ကာလတွင် အမေရိကန်နိုင်ငံကို နည်းပညာအပြင်ဘက်တွင် ချန်လှပ်ထားခဲ့ရန် မဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်



# ရုရှား-တရုတ် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးက ကမ္ဘာလုံးဆိုင်ရာတည်ငြိမ်မှုအတွက် ပဓာနကျသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**မော်စကို ဇန်နဝါရီ ၁၅**

ရုရှား-တရုတ်နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးသည် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအတွက် ပဓာနကျသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့က သတင်းစာရှင်းလင်းပွဲတွင် ယမန်နေ့က ပြောကြားသည်။

ရုရှား-တရုတ် မိတ်ဖက်ဆက်ဆံရေးမှာ ခေတ်သစ်နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တည်ငြိမ်မှုကို ထိန်းမတ်ပေးသော အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန်နှင့် မြောက်အတ္တလန္တိတ်မဟာမိတ်နိုင်ငံများသည် ကမ္ဘာကြီးတွင် ထိပ်တိုက်ရင်ဆိုင်မှုများနှင့် ရန်လိုမှုများဖြစ်ပွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြပြီး ယင်းဆောင်ရွက်ချက်များကြောင့် ဥရောပဒေသတွင်လည်း အုပ်စုများကွဲကာ ရန်လိုတိုက်ခိုက်မှုများဖြစ်ပွားနေကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့သည် တရုတ်နိုင်ငံက အောင်မြင်စွာဆောင်ရွက်နေသည့် စီးပွားရေးစင်္ကြံစီမံကိန်းနှင့် ချိတ်ဆက်ထားသည့် ယူရေးရှားစီးပွားရေးယူနီယမ်နှင့် ဆက်ဆံရေးတိုးမြှင့်နေကြောင်း ၎င်းက ပြောကြားသည်။




ရုရှားနှင့် တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဆွေအဖြစ် တည်ရှိမှုနှင့် အနာဂတ်ကာလအတွက် အစီအမံများသည် ကြီးမားကျယ်ပြန့်ပြီး လက်တွေ့တွင် လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

■

# တရုတ်နိုင်ငံနှင့် စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများအကြား ယမန်နှစ်အတွင်း ကုန်သွယ်မှုတန်ဖိုး ယွမ် ၂၂ ဒသမ ၁ ထရီလီယံရှိလာ

**ပေကျင်း ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံနှင့် စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများအကြား ယမန်နှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးသည် ယွမ် ၂၂ ဒသမ ၁ ထရီလီယံအထိ ရှိလာခဲ့ကြောင်း တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ယမန်နှစ်အတွင်း စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများမှ တရုတ်နိုင်ငံသို့ ပို့ကုန် ၅၄ ရာခိုင်နှုန်းခန့်တင်ပို့ခဲ့ပြီး အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံတွင် ကြီးမားကျယ်ပြန့်သည့် ဈေးကွက်တည်ရှိနေခြင်းက ကမ္ဘာ့နိုင်ငံများအတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများကို ဆောင်ကြဉ်းခဲ့ကြောင်း ၎င်းဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ လီယွန်ရှာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့သည့်ကုန်များတွင် လူသုံးကုန်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းစက်ကိရိယာများပါဝင်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများစွာရရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်နိုင်ငံသည် စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများတွင် ယမန်နှစ်အတွင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယွမ် ၂၁၄ ဒသမ ၆၆ ဘီလီယံအထိရှိခဲ့ပြီး စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများကလည်း တရုတ်နိုင်ငံရှိလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသည့် တန်ဖိုးမှာ ယွမ် ၉၉ ဒသမ ၈၇ ဘီလီယံရှိခဲ့သည်။ တရုတ်နိုင်ငံသည် စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများနှင့် ယမန်နှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း အစိမ်းရောင်ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၃၆ ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် စီးပွားရေးစင်္ကြံအဖွဲ့ဝင်နိုင်ငံများတွင် အကူအညီပေးရေးစီမံကိန်း ၇၀၀ ခန့်ကို ၎င်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံ ရရှိ

**ဟနွိုင်း ဇန်နဝါရီ ၁၅**

၂၀၂၄ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှရရှိသော ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံရရှိပြီး ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဘီလီယံအထိ ဝင်ငွေရရှိရန် ရည်မှန်းထားကြောင်း ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်လုပ်ငန်းရှင်များအသင်းက ပြောကြားသည်။

ကုန်သွယ်ရေးတင်းမာမှုများနှင့် ပထဝီဝင်နိုင်ငံရေးပဋိပက္ခများသည် ၂၀၂၅ ခုနှစ်တွင် လယ်ယာပို့ကုန်အတွက် အဓိကစိန်ခေါ်မှုဖြစ်နိုင်သော်လည်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်းနှင့် အဓိကဈေးကွက်များတွင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်နေကြောင်း အသင်းဥက္ကဋ္ဌ ငုယင်သန်ဘန်က ပြောသည်။

ထုတ်ကုန်အရည်အသွေး မြှင့်တင်ရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် အလေးထားဆောင်ရွက်သင့်ပြီး လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များကို တင်းကျပ်စွာလိုက်နာဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏အဆိုအရ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၇ ဒသမ ၁ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော်လွန်ရရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ထုတ်ကုန်များသည် အမေရိကန်တွင် ၃၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၈၀ ရာခိုင်နှုန်းကျော် ဈေးကွက်ပိုင်ဆိုင်မှု အခိုင်အမာရရှိထားပြီး တရုတ်နိုင်ငံ၌ တတိယနေရာမှ ဒုတိယနေရာသို့ ရောက်ရှိလာကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ပါကစ္စတန်နိုင်ငံ၌ ယမန်နှစ်အတွင်း တောရိုင်းပိုလီယိုပိုးရပ်စ် အမျိုးအစား 1 (WPV1) ခံစားရသူ ၇၁ ဦး စစ်ဆေးတွေ့ရှိ

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၁၅**

ပါကစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် တောရိုင်းပိုလီယိုပိုးရပ်စ် အမျိုးအစား 1 (WPV1) ခံစားရသူ ၇၁ ဦးကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အမျိုးသားကျန်းမာရေး အင်စတီကျုက ယမန်နေ့တွင် ပြောကြားသည်။

၇၁ ဦးမြောက် ရောဂါခံစားနေသည့် ယောကျ်ားလေးတစ်ဦးကို နိုင်ငံတောင်ပိုင်း ဆင်းဒ်ရှ်ပြည်နယ်ရှိ ဂျာကိုဘာဘတ်ခရိုင်မှ တွေ့ရှိခြင်းဖြစ်သည်။ ၎င်းသည် ရောဂါလက္ခဏာများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ခံစားခဲ့ကြောင်း အမျိုးသားကျန်းမာရေး အင်စတီကျုက ပြောကြားသည်။



ရောဂါခံစားရသူများအနက် ၂၇ ဦးသည် ဘာလိုချီစတန်ပြည်နယ်မှ ဖြစ်ပြီး ခါဘာပတ်ထွန်ခွာနှင့် ဆင်းဒ်ရှ်ပြည်နယ်တို့မှ ၂၁ ဦးစီနှင့် ပန်ဂျက်ပြည်နယ်နှင့် မြို့တော်အစ္စလာမ်မာဘတ်မှ တစ်ဦးစီ တွေ့ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း တောရိုင်းပိုလီယိုပိုးရပ်စ်ကို ကာကွယ်တားဆီးရန် ပိုလီယိုရောဂါတိုက်ဖျက်ရေး အစီအစဉ်ကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်ကို လာမည့် ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ငါးနှစ်အောက်ကလေးအားလုံး ကာကွယ်ဆေးရရှိစေရန် မိဘများအား တိုက်တွန်းထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၂၄၈၀၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၄ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ်၊ ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ် ဟိုပုံးရေထွက်အနီး၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ကျိုင်းဖောင်းရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၅၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၂၅၄ တန်၊ အခြားသစ်သုည ဒသမ ၈၁၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၀၄၈၄၅၆ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၈၀၄၈၄၅၆ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် UD Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆) တံခွန်တိုင်အဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၀၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၃၀၄၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက်၌ လိုင်စင်မဲ့ Honda PCX ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ်သုည ဒသမ ၆၅၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၄၅၈၂၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၅၀၄၃၂၀)ကို သိမ်းဆည်းရမိသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ချောက်မြို့နယ် ဆည်ကန်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၅

မကွေး တိုင်းဒေသကြီး ချောက်မြို့နယ်ရှိဆည်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် နယ်မြေ တည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာ




နေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ တောဇျဂ်သုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | မြန်မာ့ရိုးရာဝါးလက်မှုပညာ |
| ၀၉:၁၀ | NRC အစီအစဉ် |
| ၁၁:၄၀ | NEXT LEVEL |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၃၃) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၃) |
| ၁၅:၃၅ | မျိုးဗုဏ်တင့်စေဆိုကရေးတီးအငွေ့ |
| ၁၆:၄၀ | မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေ ပုလဲကျွန်းဆီ |
| ၁၇:၀၅ | Soccer View |
| ၁၇:၃၀ | လူမှုစီးပွားသတင်းများ |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဂင် |
| ၁၈:၄၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဂင် |
| ၂၁:၁၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၄) |
| ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Dhamma Settkyar (Nan Sandi) |
| 07:13 | Ananda Temple |
| 07:54 | New Destination for Sea Lovers |
| 08:01 | News |
| 08:26 | K- Pop Live Show (I Am) |
| 08:31 | Ramayana Classic Talk & Discussion (Episode-2) |
| 09:01 | Kayah Style |
| 09:10 | Yoga & Health |
| 09:29 | Traditional Myanmar Theatrical Performance: Eain Mhat Pan Che (Symphony Orchestra) |
| 09:38 | The Usefulness of Thread |
| 10:01 | News |
| 10:27 | Skilled Performance of Traditional Myanmar Colored Glass Ball |
| 11:01 | Myanmar Traditional Snacks: Sago with coconut milk |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဒါကြက်ဥပုတင်းလုပ်စားကြမယ်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ထူးဆန်းဖွေရှာဓလေ့ရိုးရာ(တံခွန်တိုင်ပွဲတော်)

**ဝကေကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စားလို့ကောင်းတဲ့ကရင်မုန့်ဖက်ထုပ်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရာသီပန်းများနှင့်ဖလမ်းမြို့

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၇)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ထန်းပင်၏တန်ဖိုး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
သဲပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ပွဲ)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
လှပဆင်ယင်ခမ်းတီးအဆင်

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကြက်သားသခွားသီးချက်နည်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၄၅ | Festivals Around the World |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဝရိကနိုင်ငံ' (အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၂) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၀၅ | မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Pickling Seasonal Vegetables in a 200 Liter Wooden Barrel |
| ၁၉:၀၅ | 200 Futuristic Agriculture Machines That are Next Level |
| ၁၉:၄၅ | International Music Hits Slow Rock |
| ၂၀:၀၀ | ချွန်စက်(ဇာတ်လမ်း) |
| ၂၂:၀၀ | Puss In Boots The Last Wish |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Sports Diary |
| ၀၇:၄၀ | Weekly MNL Review |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ (Yangon United Vs Ayeyawady) (Replay) |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့အား ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ပုလင်း ၃၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့အား ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ပုလင်း ၃၀ နှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် ၄၁(A)လမ်း၊ ၆၁ x ၆၂ လမ်းကြားတွင် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ စောဖြိုးအောင်၊ လင်းလင်းအောင်၊ လှိုင်ဖြိုးထွေး(ခ)ကိုထွေးနှင့် အောင်မျိုးသိန်း(ခ)တာတီးတို့ လေးဦးကို Toyota Crown ယာဉ်တစ်စီး၊ ပလတ်စတစ်ဆပ်ပြာခွက် ၆၆၀ ဖြင့်ထည့်လျက် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၄ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်ရှိ စောဖြိုးအောင်၏ နေအိမ်မှ တစ်ပုလင်းလျှင် ၁၀၀ မီလီလီတာစီပါ PHENSEDYL ပုလင်း ၃၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာနေ ကိုစိုင်း(ခ)အားချိန်၏ အစီအမံဖြင့် ချမ်းအေးသာစံမြို့နယ်နေ အောင်သူ(ခ)စိန်သောင်းက တာဝန်ခံ၍ လှိုင်ဖြိုးထွေး၊ သန့်ဇင်ထွန်း၊ လင်းလင်းအောင်နှင့် ဇော်မျိုးသိန်းတို့အား သယ်ဆောင်ခိုင်းပြီး ချမ်းအေးသာစံမြို့နယ်နေ စောဖြိုးအောင်က မန္တလေးမြို့တွင် ဘိန်းဖြူများဝယ်ယူ၍ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ပြီး မြန်မာ-အိန္ဒိယနယ်စပ်နေ ကီရန်းက ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်းနှင့် ကလေးမြို့မှ မန္တလေးမြို့သို့ PHENSEDYL များ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဘိန်းဖြူရောင်းချပေးခဲ့သည့် အောင်သူနှင့် သန့်ဇင်ထွန်းတို့အား ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်လိန်းလီကျေးရွာအနီးတွင် SUZUKI Ciaz ယာဉ်တစ်စီးနှင့်လည်းကောင်း၊ PHEN-SEDYL များ ရောင်းချပေးခဲ့သူ လှိုင်မျိုးထွန်း(ခ) သီလွန်းအား မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့၍ ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**








ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ထောင်ကျနေစဉ် လုံလောက်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းကြောင့် သေဆုံးသွားသည်ဟု မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် ဆီးကျောက်ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသည့် အကျဉ်းသား မျိုးမင်းဦးသည် ထောင်ကျနေစဉ်အတွင်း လုံလောက်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းကြောင့် သေဆုံးသွားသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

အဆိုပါ အကျဉ်းသားသည် အကျဉ်းထောင်ဆရာဝန်နှင့် ကျန်းမာရေးမှူးတို့၏ အနီးကပ်ကြပ်မတ်ကုသပေးခြင်း၊ ပဲခူးခရိုင်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ကျဆရာဝန်၊ ကျန်းမာရေး ဝန်ထမ်းများ၏ အချိန်ပြည့်ကြပ်မတ်ကုသပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများကို အကျဉ်းထောင်ဆေးရုံမှ အချိန်မီ စီမံဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ခံစားနေရသော ရောဂါဖြင့် သေဆုံးခြင်းသာဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမပေး၍ သေဆုံးခဲ့ခြင်းမျိုး မဟုတ်ကြောင်း သိရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား မျိုးမင်းဦးသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်က ဆေးရုံအုပ်၏ ကျန်းမာရေးစစ်ဆေးချက်အရ နာတာရှည် ကျောက်ကပ်ရောဂါနှင့် သွေးအားနည်းရောဂါ ခံစားနေရကြောင်း တွေ့ရှိသဖြင့် ယင်းနေ့မှစတင်၍ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်စေပြီး အကျဉ်းထောင်ဆရာဝန်များက ဆေးဝါးကုသပေးခဲ့သည့်အပြင် ပိုမိုထိရောက်ကောင်းမွန်သော ဆေးကုသမှုခံယူနိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်များက ဆေးဝါးကုသပေးခဲ့သော်လည်း ဆေးရုံတက်ကာလ ၁၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ခံစားနေရသောရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးမကောင်းသည့် အကျဉ်းသားများကို အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးမှူးများဖြင့် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများကိုလည်း အချိန်မီဝယ်ယူ ဖြည့်တင်းပေးခြင်းတို့ဖြင့် ဆေးကုသမှုပေးလျက်ရှိပြီး မိသားစုဝင်များက အကျဉ်းသားအတွက် လာရောက်ပေးအပ်သည့် ဆေးဝါးများကို အကျဉ်းထောင်ဆရာဝန်က စိစစ်လက်ခံ၍ သောက်သုံးစေလျက်ရှိသည့်အပြင် ပြင်ပပြည်သူ့ဆေးရုံကြီးသို့ ပြသ/တင်ပို့ ကုသရန်လိုအပ်သူများကို အချိန်နှင့် တစ်ပြေးညီ ပြသ/တင်ပို့ ကုသပေးလျက်ရှိသဖြင့် Khit Thit Media အမည်ခံ Facebook Page ၏ သတင်းရေးသားဖော်ပြမှုသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဝါဒဖြန့်ရေးသားဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

# တောင်ကြီးမြို့ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဓမ္မာရုံ၌ မဟာပန်းလည်တိုင်စိုက်ထူခြင်းနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂမဟာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပရိတ်ကျောက်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပရိတ်ကျောက်များကို စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း အရှေ့အရပ်မှစတင်၍ လက်ယာရစ်ပတ်ဖျန်းချည်နှောင်ကြကာ ပန်းလည်တိုင်အမှတ်(၁/၂)တို့ကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စေတီတော်မတည် အလှူငွေ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မဟာပန်းလည်တိုင်အမှတ်(၁/၂) တို့ကို ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး အဆင့်ဆင့် ပင့်ဆောင်၍ စိုက်ထူတင်လှူကြကာ မဟာပန်းလည်တိုင်အား နံ့သာရည်များ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၂) သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၅

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို ဦးရန်နိုင်စိုး အကြီးတန်းစာရေး အကောက်ခွန်ဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သင်တန်းသူစံပြဆုကို ဒေါ်သင်းရတနာစိုး အငယ်တန်းစာရေး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့ကိုလည်းကောင်း၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။



ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၂၀၊ သင်တန်းသူ ၂၃၃ ဦး စုစုပေါင်း ၃၅၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၂၀၂၅ ဇန်နဝါရီ ၁၅ ရက်အထိ ဖွင့်လှစ်ကြောင်း သိရသည်။

**သတင်းစဉ်**

* ကျောဖုံးမှ

ထို့အပြင် ဖယ်သာဝိတ်တန်း၌ ဂင့်ရှန်းမွှောင်နှင့် ယိန်းဖုံး၊ ကောင်းမြတ်ထွန်းနှင့် ဇိုင်းဒန့်အောင်၊ ကျော်ခန့်ဝင်းနှင့် ဟိန်းတေဇတို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

အလားတူ ဖလိုင်းဝိတ်တန်း၌ ဗန်လုထောင်နှင့် ရဲမိုးအောင်၊ ရဲမင်းအောင်နှင့် ဟိန်းသူညီညီ၊ အောင်သူထွန်းနှင့် ဖြိုးသူအောင်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ စူပါဘန်တန်ဝိတ်တန်း၌ ဟိန်းမင်းနိုင်နှင့် အောင်ကောင်းမြတ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပွဲစဉ်အတွက် ကြိုတင်လက်မှတ်များကို ဇန်နဝါရီ ၁၄ရက်တွင် စတင်ရောင်းချပေးနေပြီး ထိုင်ခုံနံပါတ်များသတ်မှတ်ထားခြင်း မရှိသဖြင့် ကွင်းအတွင်းသို့ စောစီးစွာလာရောက်ကြရန် မြန်မာဘောက်ဆင်ကော်မရှင်က အသိပေးနှိုးဆော်ထားသည်။

မြန်မာဘောက်ဆင်အဖွဲ့ချုပ် အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း PBM1 နှင့် PBM2 ပွဲစဉ်များကို ကျင်းပခဲ့ပြီး အလားအလာကောင်းမွန်သော ကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းရာမ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၅၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၀ | ၃၂၃၀ | ၄၅၆၀ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၅ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | ၄၈၃၀ | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |
| HSD (10 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | - | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၄ |
| 95 Ron | ၂၉၀၆ | ၃၀၇၉ |
| HSD (500 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (50 ppm) | ၃၁၅၈ | ၃၂၅၁ |
| HSD (10 ppm) | ၃၁၅၈ | ၃၂၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရွှေပြည်သာမြို့နယ် အမှတ်(၉)အခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ရွှေပြည်သာ ဇန်နဝါရီ ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၉)အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးဝင်းလှိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အမှတ်(၉)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရတနာလင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးအေးမိုးနှင့် အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်းမှ ဒုတိယအလယ်တန်းပြဆရာမ ဒေါ်မွန်မွန်သော်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ခုနစ်ဦးက လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်နည်းပညာ၊လူငယ်နှင့်ဆိုရှယ်မီဒီယာ၊လူငယ်နှင့်စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်တာဝန်ယူမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက မေးမြန်းကာ သိရှိလိုသည်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်မြို့နယ် ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဗိမာန်၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၅၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၁၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၈၈ ဦး၊ သွားရောဂါ ၅၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာလေးဦးကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကော့မှူးမြို့နယ် သမင်ခြံကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သမင်ခြံကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၆၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

## ဇေယျာသီရိမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကြည့်ရှုစစ်ဆေး

**ဇေယျာသီရိ ဇန်နဝါရီ ၁၅**

နေပြည်တော် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံစစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပုပ္ပါးကုန်းရပ်ကွက်၌ ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်အတူ ပုပ္ပါးကုန်းရပ်ကွက်အတွင်းရှိ နေအိမ် ၂၇၅ အိမ်တို့အား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်း၊ အရေးပေါ်မီးသတ် တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဖိုအသုံးပြုသည့် နေအိမ်များနှင့် အခြားမီးသုံးစွဲသည့် နေအိမ်များအား မီးများစနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များအား လိုက်လံစစ်ဆေး၍ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ထွန်းလင်း(ဇေယျာမြေ)**

ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှု မြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

### ○ မြန်မာနိုင်ငံမှ

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှ Junior အဆင့်နှင့် ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတို့ကို ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ ဥက္ကလာဂေါက်ကွင်း၌လည်းကောင်း၊ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲတို့ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ ငွေသော်တာဂေါက်ကွင်း၌လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့်ပြိုင်ပွဲတို့ကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။ Junior အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းများ ပါဝင်မည်ဖြစ်ပြီး ဝါသနာရှင်အဆင့်တွင် (အမျိုးသား) (H’cap 0–12) အဆင့်နှင့် (အမျိုးသမီး) (H’cap 0–18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို R&A Rule Limited နှင့် USGA တို့၏ Rule of Golf 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲစာရင်းပေးသွင်းမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထပ်မံကြေညာပေးမည်ဖြစ်သည်။

**ကိုညီလေး**

## ကျောက်ဆည်ခရိုင်၌ ငရုတ်သီးနှံ(ဆောင်း)စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည် ခရိုင်သည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးနှံ (ဆောင်း)စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည် မြို့နယ်တွင် ၁၁၂၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၇၂ ဧက၊ မြစ်သားမြို့နယ်တွင် ၂၆၄၆ ဧကဖြင့် စုစုပေါင်း ၄၇၄၄ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ငရုတ်သီးနှံ(ဆောင်း) ကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလတို့တွင် စတင်ခူးဆွတ်ရကြောင်း၊ သာမို၊ ဒီမွန်၊ အာစတာနှင့် ၆၉၂ မျိုးများကို စိုက်ပျိုးပြီး ငရုတ်သီးအထွက်နှုန်းကောင်းမွန်သော ၆၉၂ မျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ငရုတ်သီး ပိဿာ ၄၀၀ - ၄၅၀ အထိ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငရုတ်စိုက်တောင်သူများက ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့တို့သို့ ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ငရုတ်သီးနှံစိုက်ခင်းများမှာ စိမ်းလန်းစိုပြည်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ငရုတ်သီးနှံ ထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

## မြစ်သားမြို့နယ်၌ ပဲကျားသီးနှံများ အောင်မြင်ဖြစ်ထွန်း

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲကျားသီးနှံကို ဧက ၄၀၀ ခန့် စိုက်ပျိုးထားရှိပြီး မကျီးကန်၊ တောင်တွင်းနှင့် ညောင်ဝန်းကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ပဲကျားသီးနှံကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး လေးလအကြာတွင် ရိတ်သိမ်းရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ပဲကျားတစ်ဧကလျှင် စုစုပေါင်း ငွေကျပ် နှစ်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က ပဲကျားတစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ပဲကြော် လုပ်ငန်းရှင်များနှင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ပဲကျားသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက တောင်သူများ အမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကျားသီးနှံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



## မြစ်သားမြို့နယ်အတွင်း ဝါသီးနှံများ ထွက်ပေါ်

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဝါသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၆၆၆၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၆၆၁၇ ဧကနှင့် မြစ်သားမြို့နယ်တွင် ၁၁၈၆၄ ဧက၊ ခရိုင်အတွင်း စုစုပေါင်း ၃၈၁၄၇ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံများ ရိတ်သိမ်းထွက်ပေါ်လျက်ရှိရာ ဧက ၁၀၃၂၀ ရိတ်သိမ်းပြီးကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**တင်ပို့ရောင်းချ**

ဝါသီးနှံများကို မိုးကြိုရာသီ၊ မိုးရာသီနှင့် မိုးနှောင်းရာသီတို့တွင် စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးနှောင်းဝါသီးနှံကို ဇူလိုင်လလယ်မှ ဩဂုတ်လအတွင်း စိုက်ပျိုးပြီး လေးလခန့်အကြာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ရိတ်သိမ်းရကြောင်း၊ ဝါစိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ထုပ် ဝယ်ယူစိုက်ပျိုးပါက တစ်ဧကလျှင် မျိုးစေ့ထုပ် နှစ်ထုပ်ခန့်ကုန်ကျပြီး ယခင်နှစ် ဝါသီးနှံပေါ်ချိန်၌ ချန်ထားသော ဝါမျိုးစေ့အား စိုက်ပျိုးပါက ပိဿာချိန် ငါးပိဿာခန့် ကုန်ကျကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀၀၀၀၀၀–၁၀၂၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် မြစ်သားမြို့နယ် ကူမဲမြို့ရှိ အောင်ကမ္ဘာဝါပွဲရုံသည် ဒေသတွင်းနှင့် အခြားဒေသမှထွက်ရှိသည့် ဝါများကိုဝယ်ယူ၍ ဝါဂွမ်းနှင့် ဝါစေ့ဆီများ ထုတ်လုပ်ရောင်းချလျက်ရှိပြီး ဝါဂွမ်းများကို တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

## အထက်မင်းလှမြို့နယ်၌ ကုလားပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မကွေး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်ရှိ ရွာတော်၊ မန်းသံပုရာကန်၊ ညောင်ပင်သာ၊ ဥယျာဉ်၊ ပန်းတော်ပြင်၊ ဇီးတော၊ မယ်ဇလီတော၊ ရွာသစ်၊ ဘွဲ့၊ ကုန်ကြီး၊ ဂျင်ရဲမြောင်(စံပြ) စသည့် ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ဇီးတောကျေးရွာတွင် ကုလားပဲသီးနှံ ဧက ၃၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ကုလားပဲသီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ကုလားပဲ(မြကြေး)မျိုးကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့နှစ်တင်းခန့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ကုလားပဲ ၁၀–၁၂ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မင်းလှမြို့နှင့် မကွေးမြို့တို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်၊ မုန့်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိသည့်အပြင် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ကြောင်း၊ ယခုအချိန်တွင် ကုလားပဲစိုက်ခင်းများမှာ စိမ်းလန်းစိုပြည်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံအထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အမြတ်ပိုမိုရရှိနိုင်ကြောင်း သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၁၅-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြုံကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၄၅၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၅၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၅၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၄၃၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၅၄၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၄၀၀ | ၇၇၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၉၀၀၀ | ၂၂၀၀၀ | ၂၆၅၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၅၆၀၀ | ၄၀၀၀ | ၁၆၄၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၅၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၇၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၁၇၄၊ ကွင်းအမည်-ရန်ကုန်ပေါက်၊ ဦးပိုင်အမှတ်-၂၄/၉၊ ဧရိယာ (၀.၂၈)ဧကရှိ ဦးပြုံးဘုရားလမ်းမပေါ်ရှိ (၈၀ ပေ x ၁၅၀ ပေ)အကျယ်အဝန်းရှိ မြေကွက်အား တွံတေးမြို့နယ် မြေစာရင်းဦးစီးဌာနတွင် အမည်ပေါက် ဦးစိုးဝင်း [၉/မနမ(နိုင်)၀၀၅၁၉၃]က အမှန်တကယ်ပိုင်ဆိုင်လက်ရောက်ရရှိပြီး အရှုပ်အထွေးကင်းရှင်း စွာဖြင့် စီမံခန့် ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မြတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၈၂၁၉၂၊ ၀၉-၅၄၁၂၇၅၊ ၀၉-၉၇၅၅၅၇၇၄၅။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/၁၊ မြေကွက်အမှတ်-၆၂/၂၊ မြေကွက်တည်နေရာအမှတ်-၆၂/၂၊ မြင်သာ(၅)လမ်း၊ ၁၄/၁-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးအတ်မဒ် [၁၂/ရကန(နိုင်)၀၆၀၂၁၂]၊ မမေသဇင်သန့် (၎င်း၏အုပ်ထိန်းသူဖခင်ဦးအတ်မဒ်) နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအတ်မဒ်၊ မမေသဇင်သန့် ၎င်း၏အုပ်ထိန်းသူ(ဖခင်)တို့ (၂)ဦးအမည်ပေါက်မြေကွက်အား ဦးအတ်မဒ်၊ ဒေါ်မေသဇင်သန့်တို့အား တရားပြိုင်ထား၍ တရားလိုဒေါ်နော်အေးအေးခိုင်မှ မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော သဃ်န်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၅၀/၂၀၂၄ ၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၁၃၇/၂၀၂၄ ၏ အမိန့်တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်မေသူအောင်[၁၂/မဂတ(နိုင်)၁၀၇၃၅၁] မှ သဃ်န်းကျွန်းခရိုင်တရားရုံး၏ (၁၉-၁၁-၂၀၂၄)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်( FMI အိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ် ( ၈ )၊မြေကွက်အမှတ် (၉၈၂) နှင့် မြေကွက်အမှတ်(၉၈၃)၊ ဧရိယာ(၀.၁၄၇)ဧကအသီးသီးရှိ ဦးဝင်းသောင်း [၁၂/ကမရ(နိုင်)၀၂၈၂၉၂]အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အမှတ်(K-34+35)၊ မင်္ဂလာ (၂)လမ်း၊ FMI City အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် အဆောက်အအုံတို့အပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းသောင်းထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက် ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇ )ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း** | **ဒေါ်တင်တင်ခိုင်** |
| **LL.B, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၀၈)** |

**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း- ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၁

ဒေါ်တင်မိုးခိုင် နှင့် ဒေါ်ခင်အေးရီ ပါ-၃

**(တရားလို)** **(တရားပြိုင်များ)**

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စပါယ်လမ်းသွယ်(၁)လမ်း၊ အမှတ်(၈၉/B)နေ ၂။ ဦးအောင်ထွန်းနှင့် ၃။ ဒေါ်မြညွန့်** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **“ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု”** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်) (ဗုဒ္ဓဟူးနေ့)** မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့**တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်း၊ (၁)ရပ်ကွက်၊ Golden City Condo ၊ Block-4၊ (၇)လွှာ၊ အခန်းအမှတ်(0701)၊ အကျယ်အဝန်း (၁၉၈၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား **ဒေါ်ဟိုက်ကျောင်း(ခ)ဒေါ်နှင်းရည်အေး**[၁၃/လရန(နိုင်)၂၂၈၇၇၁]မှ မိမိဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## အစ္စလာမ် ခလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန်

ဦးသီဟ [၁၂/လမန(နိုင်)၁၂၈၆၇၆] နှင့် ဒေါ်စန်းစန်းအေး [၁၂/လမန(နိုင်)၀၄၅၄၅၁] တို့သည် (၂၇-၅-၂၀၀၇)ရက်နေ့တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် (၇-၁-၂၀၂၅) ရက်နေ့၌ သွလားက်(၃)ကြိမ်ပေးပြီးဖြစ်ရာ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၆၄၆)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ပေါက်ရောက်နေသော သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပါမစ်အမည်ပေါက် ဦးအေးခင် (AG-၀၈၄၉၄၀) ကိုင်ဆောင်သူနှင့် ဇနီးဖြစ်သူတို့ ကွယ်လွန်သဖြင့် ၎င်းတို့၏ အမွေဆက်ခံခွင့်ရှိသူသားသမီးများထံမှ ယခုရောင်းချသူဖြစ်သော ဦးနေဇာထွန်း [၁၄/ပသန(နိုင်)၁၄၈၁၈၈] ကိုင်ဆောင်သူမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ခံလျက် ရောင်းချရန်အဆိုပြုကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် **ဦးကျော်ဇောလင်း** [၁၂/ဒပန(နိုင်)၀၄၁၀၃၀] ကိုင်ဆောင်သူနှင့် **ဒေါ်ရင်ရင်ရွှေ** [၁၂/ဒပန(နိုင်)၀၀၁၄၀၅] ကိုင်ဆောင်သူတို့ကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီပြီး မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ခိုင်စိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၆/၂၀၁၇)**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၄၂၄၄၅၊ ၀၉-၇၈၀၀၁၆၂၂၄၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊နည်းဥပဒေ- ၂၀)
## စမ်းချောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ဒေါ်အေးမြတ်သူ
(၎င်း၏ မန်နေဂျာ ဦးစန်းအောင်)

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ပြည်လမ်း၊ ဝန်ထမ်းအိမ်ရာ၊ ဆေးတက္ကသိုလ်(၁)၊ တိုက်(၂) အခန်း(၃၂)နေ တရားပြိုင်ဖြစ်သည့် **ဒေါ်အေးမြတ်သူ**(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“အကြွေးဝယ်ကတ် ( Credit Card) ချေးငွေရလိုမှု”** လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက် (၁၃၈၆-ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်) ကြာသပတေးနေ့ မွန်းမတည့်မီ(၁၁)နာရီအချိန်တွင် အထက်ပါအမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီဟန်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**စမ်းချောင်းမြို့နယ်တရားရုံး**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

